# အမေရိကန်ဒေါ်လာသည် ဗီယက်နမ်ဒေါင် ငွေကြေးထက် တည်ငြိမ်လျက်ရှိ



An employee counts U.S. banknotes at a bank in Ho Chi Minh City. Photo by VnExpress/Thanh Tung

အမေရိကန်ဒေါ်လာသည် ဗီယက်နမ် (VND) ဒေါင်ငွေကြေးနှင့်နှိုင်းယှဉ်လျှင် (၁၄-၃-၂၀၂၂) ရက် အင်္ဂါနေ့ နံနက်ပိုင်းတွင် တည်ငြိမ်နေခဲ့သည်။ ဗီယက်ခွန်ဘဏ် (Vietcombank) မှ တနင်္လာနေ့တွင် တစ်ဒေါ်လာလျှင် ဗီယက်နမ်ငွေကြေး ၂၃၇၄၀ ဒေါင် ဖြင့် ရောင်းချခဲ့သည်။



အိပ်ဇင်းဘဏ် (Eximbank) သည် အမေရိကန် ၁ ဒေါ်လာလျှင် ဗီယက်နမ်ငွေ ၂၃,၇၃၀ ဒေါင်ဖြင့် သတ်မှတ်သော်လည်း တက်ခွန်းဘဏ် (Techcombank) ၏ နှုန်းထားမှာ ဗီယက်နမ်ငွေ ၂၃,၇၉၀ ဒေါင်ဖြစ်ပြီး ၀.၀၆% မြင့်တက်နေပါသည်။ ဗီယက်နမ်နိုင်ငံတော်ဘဏ်မှ ရည်ညွှန်းနှုန်းကို ၀.၀၈% လျှော့ချ၍ ဗီယက်နမ်ငွေ ၂၃,၆၁၈ ဒေါင်သို့ သတ်မှတ်ခဲ့သည်။

တရားမဝင်ဈေးကွက်တွင် အမေရိကန် ၁ ဒေါ်လာလျှင် ဗီယက်နမ်ငွေ ၂၃,၇၅၀ ဒေါင်ဖြင့် ရောင်းချလျက်ရှိခဲ့ပြီး ၀.၂၉% ကျဆင်းခဲ့သည်။ ၂၀၂၃ ခုနှစ် အစပိုင်းမှစ၍ အမေရိကန်ဒေါ်လာသည် ဗီယက်နမ်ငွေထက် ၀.၀၄% ကျော် တိုးလာခဲ့သည်။

ရိုက်တာသတင်းဖော်ပြချက်အရ ကုန်သည်များက Federal Reserve စနစ်ဖြင့် အတိုးနှုန်း တက်ခြင်းကို ခေတ္တရပ်ထားနိုင်မည်ဟု ခန့်မှန်းထားခဲ့သည်။ ထို့နောက် အမေရိကန်နည်းပညာကို ဦးတည်၍ ငွေချေးသည့်ဘဏ် (၁) ဘဏ် ပြိုလဲခဲ့ပြီး ပိုမိုကျယ်ပြန့်သော အကျပ်အတည်း စနစ် တကျ ပေါ်ပေါက်လာနိုင်ခြင်းအပေါ် စိုးရိမ်မှုများကြောင့် ကမ္ဘာတစ်ဝှမ်းရှိ ဒေါ်လာဈေးမှာ (၁၄-၃-၂၀၂၃) ရက်နေ့တွင် သီတင်းပတ်ပေါင်းများစွာ ကျဆင်းလာရာမှ အနိမ့်ဆုံးသို့ ကျဆင်းသွား ခဲ့သည်။

ဆီလီကွန်တောင်ကြားဘဏ် (Silicon Valley Bank–SVB) နှင့် Signature Bank ရုတ်တရက်ပြိုလဲခဲ့ပြီးနောက် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က (၁၃-၃-၂၀၂၃)ရက် တနင်္လာနေ့ တွင် အမေရိကန်ဘဏ် လုပ်ငန်းစနစ်ကို အန္တရာယ်ကင်းစေရေး ခိုင်မာမှုစေရန် အရေးယူ ဆောင်ရွက်မည်ဟု ကတိပြုထားသော်လည်း ဈေးကွက်မတည်ငြိမ်မှုများ ဆက်လက်ဖြစ်ပေါ်နေ ပါသည်။ အမေရိကန်အာဏာပိုင်များသည် ဘဏ်လုပ်ငန်းအပေါ် ယုံကြည်မှု မြှင့်တင်ရန် အရေး ပေါ်အစီအမံများကို စတင်ဆောင်ရွက်ခဲ့သည်။ Fed ၏ အတိုးနှုန်း ဆက်လက်မြင့်တက်မည့် ပမာဏအရ ကုန်သည်များ အရှုံးပေါ်ခဲ့ပြီး နောင်တွင် Fed ရန်ပုံငွေ သိသိသာသာ ဖြစ်ပေါ်လာကာ အမေရိကန်ဒေါ်လာကို ကျဆင်းစေခဲ့သည်။ အမေရိကန်ဒေါ်လာသည် အစောပိုင်း အာရှကုန်သွယ် မှုတွင် အရှုံးများပေါ်ပေါက်ခဲ့ပြီး (၁၃-၃-၂၀၂၃) ရက်နေ့တွင်မှု ဂျပန်ယန်းငွေနှင့် လဲလှယ်နှုန်းတွင် ၁၃၃.၄၂ ဖြင့် ယန်းငွေ ၁.၄% ကျဆင်းခဲ့သောကြောင့် အနည်းငယ် ပြန်လည်မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

Source: Asia Development Bank